ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

## သတင်းထုတ်ပြန်ချက်

## (၄ / ၂၀၁၃)

ရက်စွဲ - ၂၀၁၃-ခုနှစ်၊ ဇူလိုင်လ(၉)ရက်။

၁။ ပြည်ထောင်စုအစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)၏ နည်းပညာအထောက်အကူပြုအဖွဲ့(Technical Team)နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)၏ နည်းပညာအထောက်အကူပြုအဖွဲ့ (Technical Team) တို့သည် လာမည့် ၂၀၁၃-ခုနှစ်၊ ဇူလိုင်လ(၁၃)ရက်နေ့တွင် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးနိုင်ရေးအတွက် အကြိုတွေ့ဆုံညှိနှိုင်းသွားမည်ဖြစ်သည်။

၂။ ၎င်းအကြိုညှိနှိုင်းဆွေးနွေးမှုတွင် ငြိမ်းချမ်းရေးဆွေးနွေးမှုလမ်းပြမြေပုံနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်မည့် ကြားဝင်ဆောင်ရွက်ပေးသည့်အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များကိစ္စတို့ကို အဓိကဆွေးနွေးသွားမည် ဖြစ်သည်။

၃။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီသည် ရေရှည်တည်တံ့ခိုင်မြဲသည့် တရားမျှတ၍ ဂုဏ်သိက္ခာရှိသော ငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပြီး စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။


<u>**ဆက်သွယ်ရန်**</u>

၁။ နိုင်ဟံသာ - အထွေထွေအတွင်းရေးမှူး၊ UNFC ဖုန်း = +၆၆(၀)၈၀ ၅၀၁၃ ၀၈၄၉

၂။ ပဒိုမန်းမန်း - နည်းပညာအထောက်အကူပြုအဖွဲ့ခေါင်းဆောင်၊ UNFC ဖုန်း = +၆၆(၀)၈၇ ၉၄၁၃ ၈၇၅၀